# warmaololo0g'pmyxrapmi

၁ ယေရှုခရစ်တော်၏ တမန်တော်တစ်ပါးဖြစ်သော ငါပေါလုမှ နှုတ်ဆက်ပါ၏။ ငါ တို့၏ကယ်တင်ရှင်ဘုရားသခင်နှင့် ငါတို့၏မျှော်လင့်ခြင်းဖြစ်သော ခရစ်တော်ယေရှု၏ အမိန့်တော်အားဖြင့် ငါသည် တမန်တော်ဖြစ်၏။

၂ တိမောသေ၊ သင်၏ယုံကြည်ခြင်းကြောင့် သင်သည် ငါ၌ စစ်မှန်သောသားတစ်ယောက်ကဲ့သို့ ဖြစ်၏။ ခမည်းတော်ဘုရားသခင်နှင့် ငါတို့ သခင်ခရစ်တော်ယေရှုထံတော်မှ ကျေးဇူးတော် *(ကြင်နာခြင်း)*၊ ကရုဏာတော်နှင့် ငြိမ်သက်ခြင်းရှိပါစေသော။

**မှားယွင်းသော သွန်သင်ခြင်းများကို ဆန့်ကျင်သတိပေးခြင်း**

၃ ငါသည် မာကေဒေါနိပြည်သို့ သွားသောအခါ သင်အား ဧဖက်မြို့၌နေရန် ငါတောင်းပန်၏။ဧဖက်မြို့၌ရှိသော သူအချို့တို့သည် မှားယွင်းသောအရာများကို သွန်သင်လျက်နေကြ၏။ သင်သည် ထိုသူတို့အား မှားယွင်းသောအရာများကို မသွန်သင်ရန် ပညတ်ထားရမည်။ ၄ ထိုသူတို့သည် မမှန်သောပုံဝတ္ထုများကို ပြောခြင်းနှင့် ရှည်လျားသော ဆွေစဉ်မျိုးဆက်နာမည်စာရင်းများကို ပြောဆိုခြင်းဖြင့် အချိန်မကုန်စေရန် ထိုသူတို့ကို သတိပေးပါ။ ထိုအရာများတို့သည်ငြင်းခုံခြင်းကိုသာဖြစ်စေ၍ ဘုရားသခင်၏အမှုတော်ကို ပံ့ပိုးခြင်းမရှိ။ ဘုရားသခင်၏အမှုတော်သည် ယုံကြည်ခြင်းအားဖြင့် ဆောင်ရွက်ရ၏။ ၅ ဤသို့ ပညတ်ထားခြင်း၏ပန်းတိုင်မှာ လူတို့သည်ဖြူစင်သောစိတ်နှလုံးရှိ၍စစ်မှန်သောယုံကြည်ခြင်းနှင့် ဖြောင့်မတ်စွာ ကျင့်ကြံခြင်းအားဖြင့် ချစ်ခြင်းမေတ္တာထားနိုင်ရန်အတွက်ဖြစ်သည်။ ၆ အချို့သောသူတို့သည် ထိုအရာများကိုမပြုကျင့်ဘဲ အဝေးသို့ မျက်စိလည် လမ်းမှားကြ၏။။ ယခုတွင် သူတို့သည် အကျိုးမရှိ၊ အချည်းနှီးသောအကြောင်းအရာများကို ပြောဆိုကြ၏။ ၇ ထိုသူတို့သည် ပညတ်တရားကိုသွန်သင်သောဆရာများဖြစ်လိုကြ၏။ သို့သော်လည်း သူတို့ ပြောသော အကြောင်းအရာများကို သူတို့ကိုယ်တိုင်နားမလည်ကြ။ သူတို့အသေအချာသိသည်ဟု ဆိုသောအရာများတို့ကိုပင် နားလည်ခြင်းမရှိကြ။ ၈ မှန်ကန်စွာအသုံးပြုလျှင်ပညတ်တရားကောင်းကြောင်းကို ငါတို့ သိကြ၏။ ၉ ပညတ်တရားသည် ကောင်းမြတ်သောသူတို့အတွက် ထားခြင်း မဟုတ်ကြောင်းကိုလည်း ငါတို့သိကြ၏။ ပညတ်တရားကို ဆန့်ကျင်ဆီးတားသောသူများနှင့် နာခံလိုက်လျှောက်ရန် ငြင်းဆန်သောသူတို့အတွက် ထားခြင်းဖြစ်၏။ ဘုရားသခင်ကို ဆန့်ကျင်သောသူများနှင့် အပြစ်ရှိသောသူ၊ သန့်ရှင်းစင်ကြယ်ခြင်းမရှိသူ၊ ဘုရားတရားမရှိသောသူ၊ မိဘကို သတ်သောသူ၊ ၁၀ လူ အသက်ကို သတ်သောသူ၊ လိင်နှင့်ပတ်သက်သောအပြစ်များကို ကျူးလွန်သူ၊ လိင်တူဆက်ဆံသောသူ၊ လူကို အရောင်းအဝယ်ပြုသောသူ၊ မုသာစကားပြောသူ၊ မမှန်သောသက်သေကို ခံသောသူ၊ ဘုရားသခင်၏ စစ်မှန်သော သွန်သင်ခြင်းကို ဆန့်ကျင်သောအရာမှန်သမျှအတွက် ပညတ်တရားကို ထားခြင်းဖြစ်၏။ ၁၁ ထိုတရားသည် ငါဟောပြောရန် ဘုရားသခင်ပေးတော်မူသော ဝမ်းမြောက်စရာသတင်းကောင်း၏ အစိတ်အပိုင်းဖြစ်၏။ ထိုဘုန်းကြီးသော ဝမ်းမြောက်စရာသတင်းသည် မြင့်မြတ်သောဘုရားသခင် ထံတော်မှဖြစ်၏။

**ဘုရားသခင်၏ကရုဏာတော်အတွက် ကျေးဇူးတင်ခြင်း**

၁၂ ဘုရားသခင်သည် ဤအမှုတော်ကို ဆောင်ရွက်ရန် ငါ့အား အပ်တော် မူပြီး ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ကြောင့် ငါတို့ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ၁၃ လွန်ခဲ့ပြီးသောအချိန်၌ ငါသည် ခရစ်တော်ကို ဆန့်ကျင်၍ ကဲ့ရဲ့စကားပြောဆိုကာ ငြင်းဆဲနှိပ်စက်ခြင်းဖြင့် ကိုယ်တော်အား နားကျင်ထိခိုက်စေရန် ငါပြုခဲ့၏။ သို့သော်လည်း ဘုရားသခင်သည် ငါ့အား ကရုဏာတော်ကို ပြခဲ့၏။ အဘယ်ကြောင့်ဆိုသော် ငါသည် ယုံကြည်ခြင်းမရှိမီကဖြစ်၍ အဘယ်မမှုကို

ပြုခဲ့ကြောင်း ငါမသိခဲ့။ ၁၄ သို့သော်လည်း ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော် *(ကြင်နာခြင်း)* ကို ငါ့အား အပြည့်အဝ ပေးတော်မူ၏။ ခရစ်တော်ယေရှု၌ရှိသော ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ထို ကျေးဇူးတော်အားဖြင့်ဖြစ်၏။

၁၅ ငါပြောဆိုသောစကားသည် အမှန်ဖြစ်၏။ သင်တို့သည် ထိုစကားကို အကြွင်းမဲ့လက်ခံရမည်။ ခရစ်တော်ယေရှုသည် အပြစ်ရှိသောသူတို့ကို ကယ်တင်ရန် လောကသို့ ကြွလာခဲ့၏။ ထိုအပြစ်ရှိသောသူများထဲတွင် ငါသည် အဆိုးဆုံးသောသူဖြစ်၏။ ၁၆ သို့သော်လည်း ဘုရားသခင်သည် ငါ့အား ကရုဏာတော်ကို ပြတော်မူ၏။ ထိုသို့အပြစ်ရှိသောသူများထဲမှ အဆိုးဆုံးဖြစ်သော ငါ့အား ကရုဏာတော်ကို ပြရခြင်းမှာ ခရစ်တော်၏အကန့်အသတ်မရှိသော စိတ်ရှည်သည်းခံခြင်းကို ထင်ရှားစေရန်ဖြစ်၏။ ခရစ်တော်ကို ယုံကြည်၍ ထာဝရအသက်ကို ရရှိမည့်သူများအတွက်လည်း ပုံသက်သေဖြစ်၏။ ၁၇ ထာဝရအုပ်စိုးတော်မူသော၊ ပျက်စီးခြင်းနှင့် ကင်းလွတ်တော်မူသော၊ မျက်စိဖြင့် မမြင်နိုင်သော၊ ရှင်ဘုရင်ဖြစ်တော်မူသော ဘုရားသခင်သည် ဂုဏ်အသရေနှင့် ဘုန်းအာနုဘောရှိပါစေသော။ အာမင်။

၁၈ တိမောသေ သင်သည် ငါ၏သားကဲ့သို့ဖြစ်၏။ လွန်ခဲ့ပြီးသောအချိန်၌သင့်အကြောင်း ပရောဖက်ပြုချက်များကို အောင့်မေ့သတိရလျက် ယုံကြည်ခြင်း၌ကောင်းသောတိုက်လှန်ခြင်းကိုပြုရန် ငါပညတ်ပေး၏။ ၁၉ ယုံကြည်ခြင်း၌ဆက်လက်တည်နေ၍ ဖြောင့်မှန်သည်ဟု သင်သိသောအရာကိုပြုပါ။ အချို့သောသူတို့သည် ထိုသို့ မပြုကြ။ သူတို့၏ ယုံကြည်ခြင်းသည် ပျက်စီးခဲ့ပြီ။ ၂၀ ထိုသူတို့တွင် ဟုမေနဲနှင့် အာလေဇန္ဒြုတို့ပါကြ၏။ သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်သောစကား မပြောဘဲ နေစေရန် ငါသည် ထိုသူတို့ကို စာတန် *(မာရ်နတ်)* လက်သို့ အပ်လိုက်၏။

## ယောကျ်ားနှင့် မိန်းမတို့အတွက် စည်းမျဉ်းများ

၂ ရှေးဦးစွာ လူအားလုံးအတွက် ဆုတောင်းကြရန် သင်တို့ကို ငါမှာထား၏။ လူအားလုံးအတွက် ဘုရားသခင်ထံ ကိုယ်စားပြုဆုတောင်းကြပါ။ လူတို့၏လိုအပ်ချက်များအတွက် ဘုရားသခင်ထံ တောင်းလျှောက်၍ ကျေးဇူးတော်ကို ချီးမွမ်းကြပါ။ ၂ သင်တို့သည် ရှင်ဘုရင်များ၊ အခွင့်အာဏာ *(တန်ခိုး)* ရှိသောသူများအားလုံးတို့အတွက်ဆုတောင်းကြရမည်။ သို့မှသာ ငါတို့သည် ငြိမ်ဝပ်အေးချမ်းစွာ နေရ၍ ဘုရားသခင်အား ကိုးကွယ်ခြင်း၊ ဝတ်ပြုခြင်းများ ပြုနိုင်မည်။ ၃ ထိုသို့ပြုခြင်းသည် ကောင်းမြတ်၍ ငါတို့၏ ကယ်တင်ရှင်ဘုရားသခင်သည် ကျေနပ်နှစ်သက်တော်မူ၏။ ၄ လူတိုင်း ကယ်တင်ခြင်းသို့ရောက်စေရန် နှင့် သမ္မာတရားကို သိစေရန် ဘုရားသခင်အလိုတော်ရှိ၏။ ၅ ဘုရားသခင်တစ်ဆူတည်းသာရှိတော်မူ၏။ လူတို့သည် ဘုရားသခင်ထံသို့ ရောက်နိုင်သော တစ်လမ်းတည်းသာရှိ၏။ ထိုလမ်းသည် လူသားဖြစ်သော ယေရှုခရစ်တော်ဖြစ်၏။ ၆ ယေရှုသည် လူတို့၏ အပြစ်များအတွက် ဆပ်ပေးရန် မိမိကိုယ်ကို ပေးဆက်လေ၏။ ဘုရားသခင်သည် လူတို့အား ကယ်တင်ခြင်းသို့ ရောက်စေရန် အလိုရှိကြောင်း ယေရှု၌ သက်သေပြတော်မူ၏။ ယေရှုခရစ်သည် အချိန်စေ့သောအခါ ကြွလာတော်မူ၏။ ၇ ထို့ကြောင့်ဝမ်းမြောက်စရာသတင်းကောင်းကို ဟောပြောရန် ငါ့အား ရွေးချယ်၍ ငါသည် တမန်တော်တစ်ပါးဖြစ်ခဲ့ရ၏။ (ငါသည် မုသာစကားကို မပြောငါသည် သမ္မာတရားကိုဟောပြော၏။)။ ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုးတို့၏ ဆရာအဖြစ် ငါ့ကို ရွေးချယ်တော်မူ၏။ သူတို့အား ယုံကြည်စေရန်နှင့် သမ္မာတရားကို သိစေရန် ငါ သွန်သင်၏။

၈ နေရာတိုင်း၌ရှိသောယောကျ်ားတိုင်း ဆုတောင်းကြရန် ငါအလိုရှိ၏။ မိမိတို့၏ လက်များကို မြှောက်လျက် ဆုတောင်းသော ယောကျ်ားတို့သည်သန့်ရှင်းစင်ကြယ်ခြင်းရှိကြရမည်။ သူတို့သည် အမျက်ဒေါသကြီးသောသူ၊ ငြင်းခုံတတ်သောသူများ မဖြစ်ရ။

၉ အမျိုးသမီးများသည်လည်း သင့်လျော်သော အဝတ်အစားများကို ဝတ်ဆင်ကြရန် ငါအလိုရှိ၏။ အမျိုးသမီးတို့သည် ယဉ်ကျေးစွာ ဝတ်စားဆင်ယင်ရမည်။ သူတို့သည် ဆံပင်ကို ဆန်းပြားစွာ ကျစ်ခြင်း၊ ရွှေတန်ဆာ၊ ကျောက်၊ ပုလဲများ၊ အဖိုးတန်သော အဝတ်အစားများဖြင့် ကိုယ်ကိုယ်ကို မဆင်မြန်းရ။ ၁၀ သူတို့သည် ကောင်းသောအမှုကို ပြုခြင်းအားဖြင့် ကိုယ်ကိုယ်ကို အလှဆင်ရမည်။ သူတို့၏ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် အမျိုးသမီးများအတွက် ကိုယ်ကိုယ်ကို အလှဆင်ခြင်းပင်ဖြစ်သည်။

၁၁ အမျိုးသမီးသည် ဝန်ခံခြင်းနှင့် နာခံခြင်းရှိ
ရန် သင်ယူရမည်။ ၁၂ အမျိုးသမီးက အမျိုးသား
အား သွန်သင်ခြင်းကို ငါအခွင့်မပေး။ အမျိုးသမီး
သည် အမျိုးသားအပေါ်၌ အခွင့်အာဏာ *(တန်ခိုး)*
ရှိခြင်းကို ငါသည် အခွင့်မပေး။ အမျိုးသမီးတို့သည်
ဆက်လက်ပြီး တိတ်ဆိတ်စွာနေကြရမည်။ ၁၃ အ
ဘယ်ကြောင့်ဆိုသော် အာဒံကို ပထမဖန်ဆင်း၍
ဧဝကို နောက်မှ ဖန်ဆင်းခဲ့၏။ ၁၄ ထို့အပြင် အာဒံ
သည် မာရ်နတ်၏လှည့်ဖြားခြင်းကို ခံရသောသူ မ
ဟုတ်။ လှည့်ဖြားခြင်းကိုခံရပြီးပြစ်မှားသောသူသည်
အမျိုးသမီးဖြစ်၏။ ၁၅ သို့သော် အမျိုးသမီးများသည်
သားသမီးများကို မွေးဖွားခြင်းဖြင့် ကယ်တင်ခြင်း
သို့ ရောက်လိမ့်မည်။ သူတို့သည် ယုံကြည်ခြင်း၊
ချစ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့၌
ရည်မွန်စွာနေလျှင် ကယ်တင်တော်မူခြင်းသို့ရောက်
လိမ့်မည်။

## အသင်းတော်ခေါင်းဆောင်များ

၃ သင်းအုပ်ဖြစ်လိုသောသူသည် ကောင်းသော
အရာကို တောင့်တသောသူဖြစ်သည်ဟူသော
စကားသည် မှန်၏။ ၂ သင်းအုပ်သည် ပြစ်တင်
ဝေဖန်ခြင်းနှင့် ကင်းလွတ်သောသူ ဖြစ်ရပါမည်။
မယားတစ်ဦးတည်းသာရှိရမည်။ ကိုယ်ကိုယ်ကို
ထိန်းချုပ်နိုင်၍ ပညာသတိရှိသူဖြစ်ရမည်။ သူတပါး
၏ ကြည်ညိုလေးစားခြင်းကို ခံရသူဖြစ်ရမည်။ မိမိ
အိမ်၌ ဧည့်ဝတ်ကျေပွန်သူဖြစ်ရပါမည်။ ကောင်း
စွာ ဆုံးမသွန်သင်တတ်သူလည်းဖြစ်ရမည်။ ၃ စပျစ်
ရည်ကို အလွန်အကျွံသောက်သောသူ မဖြစ်ရ။ ရန်
တွေ့တတ်သောသူ မဖြစ်ရ။ နူးညံ့သိမ်မွေ့၍ ငြိမ်း
ချမ်းစွာနေသောသူဖြစ်ရပါမည်။ ငွေကို တပ်မက်
သောသူ မဖြစ်ရ။ ၄ သူ၏ အိမ်ထောင်မိသားစုကို
ကောင်းစွာဦးဆောင်နိုင်သောသူဖြစ်ရမည်။ ဤသို့
ဆိုရာတွင် သူ၏သားသမီးတို့သည် သူ့ကို နာခံ
လျက် အပြည့်အဝကြည်ညိုလေးစားခြင်းရှိရကြမည်။
၅(လူတစ်ယောက်သည် သူ၏အိမ်ထောင်ကို မည်
သို့ဦးဆောင်ရမည်ကို မသိလျှင် သူသည် ဘုရား
သခင်၏အသင်းတော်ကို ကြည့်ရှုစောင့်ရှောက်ရန်
တတ်နိုင်လိမ့်မည်မဟုတ်။) ၆ သို့ရာတွင် သင်းအုပ်
သည် ယုံကြည် သူလူသစ် မဖြစ်ရ။ ယုံကြည်သူလူ
သစ်ဖြစ်လျှင် ကိုယ့်ကိုယ်ကို ဝါကြွားခြင်းရှိလိမ့်မည်။
ထို့နောက် ဝါကြွားခြင်းကြောင့် မာရ်နတ်ကဲ့သို့ပင်
တရားစီရင်ခြင်း *(ပြစ်ဒဏ်စီရင်ခြင်း)* ကို ခံရမည်။
၇ သင်းအုပ်သည် အသင်းတော်ပြင်ပရှိ လူတို့၏
ကြည်ညိုလေးစားခြင်းကို ခံရသောသူလည်း ဖြစ်ရ
မည်။ သို့မှသာ သူသည် အခြားသောသူများနှင့်
မာရ်နတ်၏ထောင်ချောက်ထဲ၌ မမိဘဲ ဝေဖန်ပြစ်
တင်ခြင်းနှင့် ကင်းလွတ်လိမ့်မည်။

## အသင်းတော်မှ သင်းထောက်များ

၈ ထိုနည်းတူသင်းထောက်များအမှုကို ဆောင်
ရွက်သောသူတို့သည်လည်း လူတို့၏ကြည်ညိုလေး
စားခြင်းကို ခံရမည်။ သူတို့သည် သူတို့ မပြော
အပ်စကားများကို မပြောမဆိုရ။ စပျစ်ရည်ကို
အလွန်အကျွံသောက်ခြင်းဖြင့် သူတို့၏ အချိန်ကို
ဖြုန်းသောသူမဖြစ်ရ။ မတရားသဖြင့် စီးပွားရှာ၍
ကြွယ်ဝချမ်းသာရန် အစဉ်ကြိုးစားသောသူ မဖြစ်ရ။
၉ ဘုရားသခင်သည် ငါတို့အား သိစေတော်မူသော
ယုံကြည်ခြင်း *(သမ္မာတရား)* ကို သူတို့သည် လိုက်
ရမည်။ ဖြောင့်မတ်စွာ အသက်ရှင်ပြီး ကောင်းသော
အမှုကို အမြဲပြုရမည်။ ၁၀ ထိုသူတို့ကို ဦးစွာစစ်ဆေး
ရမည်။ သူတို့၌ အပြစ်တင်ရန် တစ်စုံတစ်ခုမျှ မတွေ့
လျှင် သူတို့သည် သင်းထောက်အမှုဆောင်ရွက်
နိုင်သည်။ ၁၁ ထိုနည်းတူ အမျိုးသမီးတို့သည် အခြား
သော သူတို့၏ကြည်ညိုလေးစားခြင်းကို ခံရသော
သူများဖြစ်ကြရမည်။ သူတို့သည် အခြားသော သူ
တို့အား မကောင်းကြောင်းပြောဆိုတတ်သောသူများ
မဖြစ်ရ။ သူတို့သည် ကိုယ်ကိုယ်ကို ထိန်းချုပ်နိုင်
သောသူ၊ ခပ်သိမ်းသောအရာတို့၌ ယုံကြည်စိတ်ချ
ရသော အမျိုးသမီးများဖြစ်ရမည်။ ၁၂ သင်းထောက်
သည် မယားတစ်ယောက်တည်းရှိရမည်။ သူတို့၏
သားသမီးများနှင့် အိမ်ထောင်မိသားစုကို ကောင်း
စွာဦးဆောင်နိုင်ရမည်။ ၁၃ အမှုတော် ကို ကောင်း
စွာထမ်းရွက်ခြင်းသည် မိမိ၏ ဂုဏ်အသရေကို ရှာ
ခြင်းဖြစ်၏။ ခရစ်တော်ယေရှု၌ သူတို့၏ ယုံကြည်
ခြင်းတွင် ကျေနပ်အားရခြင်း ရှိကြလိမ့်မည်။

## ငါတို့အသက်တာ၏လျှို့ဝှက်ချက်

၁၄ ငါသည် သင်တို့ရှိရာသို့ အလျင်အမြန် ပြန်
လာမည်ဟု ငါမျှော်လင့်၏။ သို့သော်လည်း ယခုတွင်
ငါသည် ဤအရာများတို့ကို သင့်အား ရေးလိုက်၏။
၁၅ ငါသည် အလျင်အမြန်မလာနိုင်ခဲ့လျှင်လည်း
လူတို့သည် ဘုရားသခင်၏ မိသားစုအတွင်း၌ မည်

သို့ ပြုကျင့်ရကို သင်သိရလိမ့်မည်။ ထိုမိသားစုသည် အသက်ရှင်တော်သော ဘုရားသခင်၏ အသင်းတော်ဖြစ်၏။ ဘုရားသခင်၏ အသင်းတော်သည် သမ္မာတရားကို ထင်ရှားစေ၏။ သမ္မာတရား၏ အုတ်မြစ်လည်းဖြစ်၏။ ၁၆ လျှို့ဝှက်နက်နဲသော ငါတို့၏ ကိုးကွယ်ခြင်းသည် ကြီးမားကြောင်း သံသယဖြစ်ရန်မရှိ။

*“ခရစ်တော်သည်*
လူသားတစ်ယောက်၏ ကိုယ်ခန္ဓာကို
ငါတို့အား ထင်ရှားပြတော်မူ၏။
သူသည် ဖြောင့်မတ်တော်မူကြောင်း
ဝိညာဉ်တော်အားဖြင့်
သက်သေထင်ရှားခဲ့၏။
သူ့အား ကောင်းကင်တမန်များကလည်း
မြင်ခဲ့ကြ၏။
သူ၏အကြောင်း ဝမ်းမြောက်စရာသတင်း
ကောင်းသည် တပါးအမျိုးသားများ
*(ဂျူးလူမျိုးမဟုတ်သောသူများ)*ဆီသို့
လည်း ဟောပြောပြီးဖြစ်၏။
ကမ္ဘာလောကၡ၌ရှိသောလူတို့သည်
သူ့ကို ယုံကြည်ကြ၏။
သူသည် ဘုန်းအသရေတော်နှင့်အတူ
ကောင်းကင်ဘုံသို့ ဆောင်ခြင်းကို
ခံတော်မူပြီ”။

## မှားယွင်းသောဆရာများအကြောင်း သတိပေးခြင်း

၄ နောင်ကာလ၌ အချို့သောသူတို့သည် စစ်မှန်သော ယုံကြည်ခြင်း*(သွန်သင်ခြင်း)*ကို စွန့်ပယ်ကြလိမ့်မည်ဟု သန့်ရှင်းသောဝိညာဉ်တော်သည် ရှင်းလင်းပြတ်သားစွာ ဟောပြောတော်မူမည်။ ထိုသူတို့သည် မုသာစကားကို ပြောသော ဝိညာဉ်များကို နာခံကြလိမ့်မည်။ သူတို့သည် နတ်ဆိုးများ၏ သွန်သင်ခြင်းနောက်သို့ လိုက်ကြလိမ့်မည်။ ၂ ထိုသွန်သင်ခြင်းသည် လူတို့အား လိမ်ညာလှည့်ဖြား၍ မုသာစကားကို ပြောသောသူတို့အားဖြင့်လာမည်ဖြစ်၏။ အဘယ်အရာသည် ဖြောင့်မတ်မှန်ကန်သည်၊ အဘယ်အရာသည် မှားယွင်းသည်ကို ထိုသူတို့သည် မပိုင်းခြားတတ်ကြ။ သူတို့၏ ပိုင်းခြားတတ်သော စိတ်သည် သံပူနှင့် ဖျက်ဆီးပစ်သကဲ့သို့ဖြစ်၏။ ၃ အိမ်ထောင်ပြုခြင်းသည် မှားယွင်း သောအရာဖြစ်သည်ဟု ထိုသူတို့ ပြောဆိုကြ၏။ လူတို့ မစားအပ်သော အစားအစာများရှိသည်ဟုလည်း လူတို့အား ပြောကြ၏။ သို့ရာတွင် ထိုအစားအစာများကို ဘုရားသခင်ဖန်ဆင်းတော်မူ၏။ ယုံကြည်၍ သမ္မာတရားကို သိသောသူတို့သည် ထိုအစားအစာများကို ကျေးဇူးတော်ချီးမွမ်းခြင်းအားဖြင့် စားနိုင်၏။ ၄ ဘုရားသခင်ဖန်ဆင်းတော်မူသော ခပ်သိမ်းသောအရာတို့သည် ကောင်း်ကြ၏။ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်အတူ လက်ခံလျှင် ဘုရားသခင်ဖန်ဆင်းတော်မူ သောအရာများတွင် မည်သည့်အရာကိုမျှ ငြင်းပယ်စရာ အကြောင်းမရှိ။ ၅ ဘုရားသခင်ဖန်ဆင်းတော် မူသောခပ်သိမ်း သောအရာတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း သန့်ရှင်းစင်ကြယ်၏။

## ခရစ်တော်ယေရှု၏အစေခံကောင်းဖြစ်ခြင်း

၆ ထိုနေရာ၌ရှိသော ညီအစ်ကိုမောင်နှမတို့အား ဤအရာများကို ဟောပြောပါ။ သင်သည် ခရစ်တော်ယေရှု၏ ကောင်းသောအစေခံဖြစ်ကြောင်းကိုလည်းကောင်း၊ ယုံကြည်ခြင်းစကားများနှင့် သင်လိုက်လျှောက်သည့် ကောင်းသောဩဝါဒသည်အားဖြင့် သင့်ကို ခွန်အားနှင့် ပြည့်စုံစေသည့်အကြောင်းကိုလည်းကောင်း ထင်ရှားစေလိမ့်မည်။ ၇ လူတို့သည် ဘုရားသခင်၏ သမ္မာတရားနှင့် မကိုက်ညီသော တရားမဲ့ပုံပြင်များကိုပြောတတ်ကြ၏။ သို့သော်လည်း သင်မူကား ဘုရားသခင်၏ အမှုတော်ကို အမှန်ဆောင်ရွက်ရန် ကိုယ်ကိုယ်ကို သွန်သင်ပါ။ ၈ သင်၏ကိုယ်ခန္ဓာကိုလေ့ကျင့်ခြင်း*(သွန်သင်ခြင်း)*သည် သင့်အတွက် အနည်းငယ်သော ကောင်းကျိုး ဖြစ်စေမည်။ သို့သော်လည်း ဘုရားသခင်၏ အမှုကို ဆောင်ရွက်ခြင်းသည် သင့်အား အရာခပ်သိမ်း၌ ကောင်းချီးဖြစ်စေမည်။ ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်ခြင်းသည် သင့်အား ဤဘဝအသက်တာနှင့် အနာဂတ်အသက်တာတို့၌ ကောင်းချီးမင်္ဂလာကို ယူဆောင်လာပါမည်။ ၉ ငါဟောပြောသောစကားသည် မှန်၏။ သင်သည် ထိုစကားကို အပြည့်အဝခံယူရပါမည်။ ၁၀ ဤအကြောင်းကြောင့် ငါတို့သည် အလုပ်လုပ်၍ ရုန်းကန်လှုပ်ရှားရခြင်းဖြစ်သည်။ ငါတို့သည် အသက်ရှင်တော်မူသော

ဘုရားသခင်၌ ယုံကြည်ခြင်းရှိကြ၏။ ဘုရားသခင်
သည် လူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်တော်
မူ၏။
၁၁ အထူးသဖြင့် ဘုရားသခင်သည် မိမိကို ယုံ
ကြည်သောသူအားလုံးတို့၏ ကယ်တင်ရှင်ဖြစ်တော်
မူ၏။ ဤအရာများတို့ကို ပညတ်ထား၍ သွန်သင်
ပါ။ သင်သည် ငယ်ရွယ်သောသူဖြစ်၏။ ၁၂ သို့သော်
လည်း မည်သူမျှ သင့်အား အထင်အမြင်သေးခြင်း
မရှိစေနှင့်။ ယုံကြည်သူများသည် အဘယ်သို့ အသက်
ရှင်ရမည်ကို ပုံသက်သေပြကြပါ။ သင်၏ပြောဆို
ဆက်ဆံခြင်း၊ ကျင့်ကြံပြုမူခြင်း၊ ချစ်ခြင်းမေတ္တာ
ရှိခြင်း၊ ယုံကြည်ခြင်းနှင့် သင်၏အသက်တာသန့်
ရှင်းခြင်းစသည်တို့ကို လူတို့ရှေ့၌ ထင်ရှားစေပါ။
၁၃ သမ္မာကျမ်းစာကို ဆက်လက်ဖတ်ကြားလျက်၊
ခွန်အားနှင့်ပြည့်စုံစေရန် သွန်သင်ပါ။ ငါရောက်
လာသည့်တိုင်အောင် ထိုအရာများကို ပြုပါ။ ၁၄ သင်
၌ရှိသော ဆုကျေးဇူးကိုအသုံးပြုရန် သတိရပါ။
သင်းအုပ်တို့သည် သင့်အပေါ် လက်တင်၍ ပ
ရောဖက်ပြုခြင်းအားဖြင့် ထိုဆုကျေးဇူးလက်ဆောင်
ကို သင့်အား ပေးတော်မူ၏။ ထိုအရာများတို့ကို
ဆက်လက်၍ ပြုလုပ်ပါ။ ၁၅ ထိုအရာများကိုပြုရန်
သင်၏ အသက်တာကို ဆက်ကပ်ပေးလှူပါ။ ထို့
နောက် သင်၏ အလုပ်သည် တိုးပွားလျက် *(ဆက်
လက်ဖြစ်သည်)*ရှိသည်ကို လူအားလုံးတို့သည် မြင်
နိုင်ကြပါမည်။ ၁၆ သင်၏အသက်တာနှင့် သင်၏
သွန်သင်ခြင်းတို့တွင် သတိပြုပါ။ ဖြောင့်မတ်စွာ
အသက်ရှင်ခြင်းနှင့် သွန်သင်ခြင်းတို့ကိုဆက်လက်
၍ပြုပါ။ ထိုနောက် သင်သည် ကိုယ်ကိုယ်ကိုလည်း
ကောင်း၊ သင်၏သွန်သင်ခြင်းကို နားထောင်သော
သူတို့ကိုလည်း ကောင်း ကယ်တင်လိမ့်မည်။

## အခြားသောသူတို့နှင့်အတူ အသက်ရှင်ရန် အချို့သောစည်းမျဉ်းများ

၅ အသက်ကြီးသူကိုစိတ်ဆိုးလျက် မပြောဆိုနှင့်။
သူ့အား သင်၏ဖခင်ကဲ့သို့ ပြောဆိုပါ။ ငယ်
ရွယ်သောယောကျ်ားတို့ကို သင်၏ညီအစ်ကိုကဲ့သို့
ဆက်ဆံပါ။ ၂ အသက်ကြီးသောအမျိုးသမီးတို့ကို
သင်၏မိခင်ကဲ့သို့ ဆက်ဆံပါ။ ငယ်ရွယ်သောအမျိုး
သမီးတို့ကို သင်၏ညီမများကဲ့သို့ ဆက်ဆံပါ။
၃ တစ်ကိုယ်တည်းဖြစ်သော မုဆိုးမတို့ကို ကူညီ
မစပါ။ ၄ သို့သော်လည်း မုဆိုးမ၌ သားသမီးများ
သို့မဟုတ် မြေးများရှိလျှင် ထိုသားသမီး၊ မြေးတို့
သည် သူတို့၏မိဘများကို ကူညီခြင်းအားဖြင့် မိ
သားစု၌ ဘုရားဝတ်ပြုခြင်းကို ဦးစွာ သင်ကြရမည်။
ထိုသို့ပြုလျှင် သူတို့၏ မိဘများသို့မဟုတ် အဘိုး
အဘွားများအား ကျေးဇူးဆပ်ခြင်းဖြစ်လိမ့်မည်။ ထို
အရာသည် ဘုရားသခင်ကို ကျေနပ်နှစ်သက်စေ
သည်။ ၅ တစ်ယောက်တည်းနေ၍ ကူညီကြည့်ရှု
မည့်သူမရှိသော မုဆိုးမကို ကူညီမစရမည်။ ထိုသို့
သောမုဆိုးမသည် ဘုရားသခင်ကို မျှော်လင့်လျက်
ကိုစားတတ်၏။ ဘုရားသခင်၏ မစခြင်းကို ခံရန်
နေ့ညမပြတ်ဆုတောင်းတတ်၏။ ၆ သို့သော်လည်း
မိမိ၏ ပျော်ရွှင်မှုကိုသာ ရှာသောမုဆိုးမသည်
အသက်ရှင်လျက်ရှိနေစဉ်မှာပင် သေသောသူဖြစ်
၏။ ၇ လူတို့ရှေ့၌ အပြစ်တင်စရာ မရှိစေရန် ယုံကြည်
သူများအား မိမိတို့၏ မိသားစုကိုကျွေးမွေးပြုစုရန်
ပြောပြပါ။ ၈ လူတိုင်း မိမိ၏လူတို့ကို ကြည့်ရှုရမည်။
အထူးသဖြင့် မိမိ၏မိသားစုကို ကြည့်ရှုရမည်။ မိမိ
၏ မိသားစုကို မပြုစုသောသူသည် စစ်မှန်သော ယုံ
ကြည်ခြင်းကို လက်မခံသောသူဖြစ်၏။ ထိုသူသည်
မယုံကြည်သူထက် ပို၍ ဆိုးသောသူဖြစ်၏။
၉ အသက်ခြောက်ဆယ်နှင့်အထက် ရှိသော
သူကိုသာ မုဆိုးမစာရင်း၌ ထည့်ရမည်။ သူမသည်
မိမိ၏လင်ယောကျ်ားအပေါ် သစ္စာရှိခဲ့သောသူဖြစ်
ရပါမည်။ ၁၀ သူမအား ကောင်းသောအမှုများကိုပြု
သောသူအဖြစ် အများ၏ သိမှတ်ခြင်း ခံရသောသူ
ဖြစ်ရမည်။ ကောင်းသောအမှုကို ပြုခြင်းဆိုရာတွင်
သားသမီးတို့ကို ပြုစုပျိုးထောင်ခြင်း၊ အိမ်၌ ဧည့်
သည်ဝတ်ကို ပြုခြင်း၊ ဘုရားသခင့် လူတို့၏ ခြေကို
ဆေးခြင်း၊ ဒုက္ခဆင်းရဲခံရသောသူတို့အား ကူညီ
ခြင်းနှင့် ကောင်းသောအမှုအမျိုးမျိုးကိုပြုရန် မိမိ
အသက်တာကို အသုံးပြုခြင်းစသည်တို့ဖြစ်၏။
၁၁ သို့သော်လည်း ငယ်ရွယ်သောမုဆိုးမတို့ကို
ထိုစာရင်း၌ မထည့်နှင့်။ သူတို့သည် မိမိတို့၏
အသက်တာကို ခရစ်တော်၌ အပ်နှံကြသော်လည်း
သူတို့၏သွေးသားဆန္ဒပြင်းပြခြင်းကြောင့် ခရစ်တော်
ထံမှ အဝေးသို့ ဆွဲထုတ်ခြင်းကို ခံရတတ်၏။ ထို့
နောက်သူတို့သည် နောက်အိမ်ထောင်ပြုချင်ကြ၏။
၁၂ ထိုသို့ပြုသော သူတို့သည် တရားစီရင်ခြင်းကို
ခံရကြလိမ့်မည်။ သူတို့သည် အရင်ပြုခဲ့သောကတိ

ကို ဖျက်သောကြောင့်တရားစီရင်ခြင်းကို ခံရကြ
လိမ့်မည်။ ၁၃ ထို့အပြင် ငယ်ရွယ်သောမုဆိုးမတို့
သည် တစ်အိမ်မှ တစ်အိမ်သို့သွားလာခြင်းဖြင့် အချိန်
ဖြုန်းတတ်ကြ၏။ သူတို့သည် အတင်းအဖျင်း ပြော
တတ်၏။ အခြားသောသူတို့၏ အရေးကိစ္စ၌လည်း
ဝင်စွက်တတ်ကြ၏။ သူတို့မပြောအပ်သောအရာများ
ကို ပြောဆိုကြ၏။ ၁၄ ထို့ကြောင့် ငယ်ရွယ်သော
မုဆိုးမတို့သည် အိမ်ထောင်ပြု၍ သားသမီးများကို
မွေးဖွားပြီး မိမိအိမ်ထောင်ကို ကြည့်ရှုပြုစုရန် ငါ
အလိုရှိ၏။ ထိုသို့ပြုလျှင် သူတို့၌ ရန်သူတို့၏ အပြစ်
တင်ဝေဖန်ခြင်းအခွင့်ရှိလိမ့်မည် မဟုတ်။ ၁၅ သို့
သော်လည်း အချို့ငယ်ရွယ်သောမုဆိုးမတို့သည်
လမ်းလွဲလျက် စာတန် *(မာရ်နတ်)* နောက်သို့ လိုက်
သွားကြလေပြီ။

၁၆ ယုံကြည်သူအမျိုးသမီး၏ မိသားစု၌ မုဆိုးမ
များရှိလျှင် ကြည့်ရှုကျွေးမွေးရမည်။ သူတို့ကို
ကြည့်ရှုကျွေးမွေးရန် အသင်းတော်အား ဝန်ထုပ်
မဖြစ်စေသင့်ပါ။ ထိုအခါ အသင်းတော်သည် အသက်
ရှင်မှီခိုစရာမိသားစုမရှိသော မုဆိုးမတို့အားကြည့်ရှု
ကျွေးမွေးနိုင်လိမ့်မည်။

၁၇ အသင်းတော်ကို ကောင်းမွန်သောနည်းလမ်း
၌ ဦးဆောင်သော သင်းအုပ်များတို့သည် ကြီးစွာ
သော ကြည်ညိုလေးစားခြင်းကို ခံရကြလိမ့်မည်။
ဟောပြောခြင်းနှင့် သွန်သင်ခြင်းအားဖြင့် လုပ်ဆောင်
သောသင်းအုပ်များတို့သည် ထိုကြီးစွာသော ကြည်
ညိုခြင်းကို ခံရသောသူများဖြစ်ကြ၏။ အဘယ်ကြောင့်
နည်း။ ၁၈ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာ၌
ဆိုထားသည်မှာ "စပါးများကိုချွေရန် နင်းနယ်သော
တိရစ္ဆာန်၏ပါးစပ်အား စပါးများကိုမစားစေရန် အ
တွက် မဖုံးကွယ်ထားရ" ဟု လာ၏။ တစ်ဖန် သမ္မာ
ကျမ်းစာ၌ လာပြန်သည်မှာ "အလုပ်လုပ်သောသူ
အား လုပ်အားခကို ပေးရမည်" ဟု လာ၏။

၁၉ သင်းအုပ်ကို အပြစ်တင်သောသူတစ်ဦးတည်း
သာဖြစ်လျှင် သူ၏ စကားကို နားမထောင်နှင့်။
သင်းအုပ်သည် မှားယွင်းသော အမှုကို ပြုသည်ဟု
အပြစ်တင်သောသူ နှစ်ယောက် သို့မဟုတ် သုံး
ယောက်ရှိမှသာ သင်သည် သူတို့ကို နားထောင်
ရပါမည်။ ၂၀ အပြစ်ပြုသောသူတို့အား သူတို့ မှား
ယွင်းကြောင်းကို အသင်းသားများ၏ရှေ့မှောက်တွင်
ထောက်ပြပါ။ ထိုသို့ဆုံးခြင်းသည် အခြားသူတို့အား
သိပေးခြင်းဖြစ်လိမ့်မည်။

၂၁ သင်သည် ဤအရာများတို့ကိုပြုရန် ဘုရား
သခင်နှင့် ယေရှုခရစ်တော်ရှေ့၊ ရွေးချယ်တော်မူ
သော ကောင်းကင်တမန်များရှေ့၌ ငါ ပညတ်ထား
၏။ သို့သော်လည်း သင်သည် အမှန်တရားကိုမသိ
မီ တရားစီရင်ခြင်းကို မပြုပါနှင့်။ ထိုအရာများကို
ခပ်သိမ်းသောသူတို့အပေါ်၌ ညီတူညီမျှစွာပြုပါ။

၂၂ မည်သူမဆို သူ့ကို သင်းအုပ်တစ်ပါးအဖြစ်
ခန့်အပ်ရန် သင်၏လက်တင်ဆုတောင်းခြင်း မပြုမီ
သေချာစွာ စဉ်းစားပါ။ အခြားသော သူတို့၏ အပြစ်
ဒုစရိုက်များ၌ မျှဝေဆက်ဆံခြင်း မပြုနှင့်။ ကိုယ်
ကိုယ်ကို စင်ကြယ်စေရန် စောင့်ထိန်းပါ။

၂၃ တိမောသေ သင်သည် ရေကိုသာ မသောက်
ဘဲ စပျစ်ရည် အနည်းငယ်ကိုလည်း သောက်လျက်
သင်၏အစာအိမ်ကို ထောက်မလိမ့်မည်။ ထိုသို့ပြု
လျှင်သင်သည် မကြာခဏ ဖျားနာလိမ့်မည်မဟုတ်။

၂၄ အချို့သောသူတို့၏အပြစ်ဒုစရိုက်များသည်
မြင်ရန်လွယ်ကူ၏။ သူတို့သည် အပြစ်စီရင်ခြင်းကို
ခံရမည်။ သို့သော်လည်း အချို့သောသူတို့၏ ဒုစ
ရိုက်သည် နောက်မှ ထင်ရှားတတ်၏။ ၂၅ လူတို့ပြု
သော ကောင်းမှုများသည်လည်း ထိုနည်းတူပင်ဖြစ်
၏။ အချို့သောသူတို့ ပြုသော ကောင်းမှုများသည်
မြင်ရန်လွယ်ကူ၏။ သို့သော်လည်း အချို့သောသူတို့
ပြုသော ကောင်းမှုကို လွယ်ကူစွာ မမြင်ရတတ်။
သို့သော်လည်း သူတို့ပြုသော ကောင်းမှုများကို ဖုံး
ကွယ်၍ ရမည်မဟုတ်။

၆ အစေခံကျွန်များအားလုံးတို့သည် သူတို့၏
သခင်များကို အပြည့်အဝ ကြည်ညိုလေးစား
ခြင်းရှိရမည်။ သူတို့သည် ထိုအရာကို ပြုကြလျှင်
ဘုရားသခင်၏နာမတော်နှင့် ငါတို့၏သွန်သင်ချက်
များကို အပြစ်တင်ဝေဖန် ကြလိမ့်မည် မဟုတ်။
၂ အချို့သော အစေခံကျွန်တို့၏ သခင်တို့သည် ယုံ
ကြည်သူများဖြစ်ကြ၏။ ထို့ကြောင့် ထိုအစေခံကျွန်
နှင့် သခင်များတို့သည် ညီအစ်ကိုများဖြစ်ကြ၏။
သို့သော်လည်း အစေခံကျွန်တို့သည် သူတို့၏သခင်
များအပေါ် ကြည်ညိုလေးစားခြင်းကို အလျင်းမ
လျော့စေရ။ ထိုအစေခံကျွန်တို့သည် ယုံကြည်သူ
သခင်များကိုသာ၍ ကောင်းစွာ အစေခံကြရမည်။
အဘယ်ကြောင့်ဆိုသော် ထိုအစေခံကျွန်တို့သည်
သူတို့ချစ်သော ယုံကြည်သူများကို ကူညီခြင်းဖြစ်၏။

သင်သည် လူတို့အား ထိုသို့ပြုရန် ဟောပြော
သွန်သင်ခြင်းကို ပြုရပါမည်။

**မှားယွင်းသောသွန်သင်ခြင်းနှင့်**
**စစ်မှန်သောကြွယ်ဝချမ်းသာခြင်း**

၃ အချို့သောသူတို့က မှားယွင်းသောအရာတို့ကို
သွန်သင်ကြလိမ့်မည်။ ထိုသူတို့သည် ငါတို့သခင်
ယေရှုခရစ်တော်၏ စစ်မှန်သောသွန်သင်ခြင်းတရား
ကို လက်ခံကြလိမ့်မည်မဟုတ်။ ဘုရားသခင်၏
အစေကိုခံရန် မှန်သော သွန်သင်ခြင်းတရားကို သူ
တို့သည် လက်ခံကြလိမ့်မည် မဟုတ်။ ၄ သူတို့သည်
မာနထောင်လွှားခြင်းရှိ၍ အဘယ်အရာကိုမျှ နား
လည်ခြင်း မရှိကြ။ ထိုသူတို့သည် ငြင်းခုံခြင်းနှင့်
ရန်တွေ့ခြင်းများကို ခင်တွယ်ခြင်း ရောဂါရှိကြ၏။
ထိုအရာသည် မနာလိုခြင်း၊ ငြင်းခုံခြင်း၊ မထီလေးစား
ပြုခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်းများကို ဖြစ်စေ၏။
၅ ထိုသူတို့သည်စိတ်ရှုတ်ထွေးခြင်းရှိ၍ သမ္မာတရား
နှင့် ကင်းကွာကြသောကြောင့် အမြဲ ပြဿနာ ဖြစ်
စေကြ၏။ ဘုရားသခင်၏အမှုကို ဆောင်ရွက်ခြင်း
သည် ကြွယ်ချမ်းသာခြင်းကို ဖြစ်စေသည်ဟု ထင်
မှတ်ကြ၏။ ၆ မိမိ၌ရှိသောအရာများအားဖြင့် ကျေ
နပ်ရောင့်ရဲခြင်းရှိလျှင် ဘုရားသခင်၏ အမှုတော်
ကို ဆောင်ရွက်ခြင်းသည် ကြွယ်ဝခြင်းကို အမှန်
ဖြစ်စေ၏။ ၇ ငါတို့သည် ဤလောကထဲသို့ရောက်
လာစဉ် အဘယ်အရာကိုမျှ ယူဆောင်မလာခဲ့ကြ
ပါ။ ၈ ငါတို့သည် သေသောအခါ၌လည်း အဘယ်
အရာကိုမျှ ယူသွားနိုင်မည်မဟုတ်ပါ။ ထို့ကြောင့်
ငါတို့၌ စားရန်နှင့် ဝတ်ရန်ရှိလျှင် ငါတို့သည် ထို
အရာတို့၌ကျေနပ်ရောင့်ရဲခြင်းရှိကြရမည်။ ၉ ကြွယ်
ဝချမ်းသာလိုသူတို့သည် ကိုယ်ကိုယ်ကိုစုံစမ်းသွေး
ဆောင်ခြင်းသို့ ပို့သူဖြစ်၏။ သူတို့သည်ထောင်ချောက်
၌ ဖမ်းမိခြင်းကို ခံရကြ၏။ သူတို့ကိုနာကျင်ထိခိုက်
စေမည့် များစွာသောမိုက်မဲသောအမှုများကို ပြုလို
ကြ၏။ ထိုအရာများတို့သည် လူတို့အား ပြိုလဲခြင်း၊
ပျက်စီးယိုယွင်းခြင်းကို ဖြစ်စေ၏။ ၁၀ ငွေကို စွဲလန်း
တပ်မက်ခြင်းသည် ဆိုးသောဒုစရိုက်မျိုးစုံကို ဖြစ်
စေ၏။ အချို့သောသူတို့သည်စစ်မှန်သောယုံကြည်
ခြင်း*(သွန်သင်ခြင်း)*ကို စွန့်လွှတ်ကြ၏။ အဘယ်
ကြောင့်ဆိုသော် သူတို့သည် ငွေကိုပို၍ အလိုရှိကြ
သောကြောင့်ဖြစ်၏။ သို့သော်လည်း သူတို့သည်
ကိုယ်ကိုယ်ကို အလွန်ဝမ်းနည်းစရာအကြောင်းဖြစ်
စေ၏။

**သင်တို့အောက်မေ့ရမည့်အရာများ**

၁၁ သို့သော်လည်း သင်သည် ဘုရားသခင်၏
လူဖြစ်သောကြောင့် ထိုအရာများ အားလုံးတို့မှ အဝေး
သို့ ရှောင်၍ နေရမည်။ ဖြောင့်မတ်ခြင်းလမ်း၌
အသက်ရှင်ရန် ကြိုးစားပါ။ ဘုရားသခင်၏အစေကို
ခံပါ။ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ စိတ်ရှည်သည်းခံခြင်း
နှင့် နူးညံ့သိမ်မွေ့ခြင်းရှိပါ။ ၁၂ အပြေးပြိုင်ပွဲတစ်ခု
တွင် ဝင်ပြေးသကဲ့သို့ သင်၏ ယုံကြည်ခြင်းကို
စောင့်ရှောက်ပါ။ သင်သည် ထိုပြေးပွဲ၌ အနိုင်ရနိုင်
ရန် အစွမ်းရှိသမျှ ကြိုးစားပါ။ ထာဝရအသက်ကို
သင်ရမည်ဖြစ်ကြောင်း စိတ်ချပါ။ ထိုအသက်ကို
ပိုင်ဆိုင်ရန် သင့်အား ခေါ်တော်မူ၏။ ခရစ်တော်
၏ကြီးမြတ်သော သမ္မာတရားကို လူများစွာကြားနိုင်
ရန် သက်သေခံရမည်။ ၁၃ ငါသည် ဘုရားသခင်
နှင့် ခရစ်တော်ယေရှုရှေ့တော်၌ သင့်ကို ပညတ်
ထား၏။ ခရစ်တော်ယေရှုသည် ထိုကြီးမြတ်သော
သမ္မာတရားကို ပုန္တိပိလတ်မင်းရှေ့၌ ရပ်လျက်
ဝန်ခံသောသူဖြစ်၏။ ဘုရားသခင်သည် ခပ်သိမ်း
သောအရာတို့အား အသက်ကို ပေးသောသူဖြစ်၏။
၁၄ ယခုတွင် ငါသည် သင်တို့အားဆိုသည်မှာ သင့်
အား ပညတ်ထားသမျှကိုပြုရန် ငါမှာထား၏။ သခင်
ယေရှုခရစ်တော်သည် တဖန် ကြွလာသည် တိုင်
အောင် ထိုအရာများကို မှားယွင်းခြင်းနှင့် အပြစ်
တင်ခွင့်မရှိစေရန်ပြုပါ။ ၁၅ ဘုရားသခင်သည် အချိန်
ကျသောအခါ ထိုအရာများကို ဖြစ်စေတော်မူလိမ့်
မည်။ ဘုရားသခင်သည် မင်္ဂလာရှိသောတစ်ပါးတည်း
သော အုပ်စိုးသူဖြစ်၏။ ဘုရားသခင်သည် ဘုရင်
တို့၏ဘုရင်နှင့် သခင်တို့၏ *(အုပ်စိုးသူများ)*သခင်
ဖြစ်တော်မူ၏။ ၁၆ ဘုရားသခင် တစ်ပါးတည်းသာ
လျှင် သေခြင်းနှင့် အစဉ်ကင်းလွတ်၏။ ဘုရားသခင်
သည် အလွန်တောက်ပသောအလင်း၌ အသက်ရှင်
တော်မူသောကြောင့် လူတို့သည် ထိုအလင်း၏ အနီး
သို့ မချဉ်းကပ်နိုင်ကြ။ ဘုရာသခင်ကို မည်သူမျှ
မမြင်ဘူးကြ။ ဘုရားသခင်ကို မြင်ရန် တတ်စွမ်း
နိုင်သောသူ တစ်ယောက်မျှမရှိ။ ဘုရားသခင်သည်
ထာဝရဂုဏ်အသရေနှင့် အစွမ်းသတ္တိရှိပါစေသော။
အာမင်။

၁၇ ဤလောက၌ရှိသောကြွယ်ဝချမ်းသာသူများ
အား ဝါကြွားခြင်းမရှိရန် ထိုပညတ်များကို ပြောပြ

ပါ။ သူတို့သည် သူတို့၏ ငွေများအပေါ် မကိုးစားဘဲ ဘုရားသခင်ကိုသာ မျှော်လင့်ကိုးစားခြင်းရှိရန် ပြောပြပါ။ ငွေသည် စိတ်ချပြီးကိုးစားနိုင်သောအရာ မဟုတ်ပါ။ ဘုရားသခင်သည် ငါတို့အား ကြွယ်ဝချမ်းသာခြင်းကို ပေး၍ ငါတို့သည် အရာရာ၌ ဝမ်းမြောက်ခြင်း ရှိကြ၏။ ၁၈ ကြွယ်ဝချမ်းသာသောသူတို့အား ကောင်းသောအမှုများကိုပြုရန် ကြားပြောကြပါ။ ကောင်းသောအမှုများကို ပြုခြင်း၌ ကြွယ်ဝချမ်းသာကြရန် သူတို့အား ပြောပါ။ သူတို့အား ပေးကမ်းစွန့်ကြဲခြင်းတို့၌ ဝမ်းမြောက်ခြင်းရှိရန်နှင့် ပေးကမ်းဝေငှခြင်း၌ အစဉ် အသင့်ဖြစ်ရန် ဟောပြောပါ။ ၁၉ ထိုအရာများကို ပြုခြင်းအားဖြင့် ကောင်းကင်ဘဏ္ဍာကို ကိုယ်အဖို့ စုဆောင်းကြလိမ့်မည်။ ထိုဘဏ္ဍာသည် ခိုင်ခံ့သောအခြေခံအုတ်မြစ်ဖြစ်၏။ သူတို့၏ အနာဂတ်အသက်တာကို ထိုဘဏ္ဍာအပေါ်၌ တည်ဆောက်နိုင်ကြပါလိမ့်မည်။ ထို့နောက် သူတို့ သည် စစ်မှန်သောအသက်ကို ရကြလိမ့်မည်။

၂၀ တိမောသေ၊ ဘုရားသခင်သည် သင့်အား များစွာသော အမှုကိစ္စများကို ဆောင်ရွက်ရန် ခန့်ထားတော်မူ၏။ ထိုအရာများကို စောင့်ရှောက်ပါ။ ဘုရားသခင်ထံတော်မှမဟုတ်သည့်အချည်းနှီးသော စကားများပြောဆိုသောသူတို့ကို ရှောင်ပါ။ သမ္မာတရားကို ဆန့်ကျင်၍ ဆီးတားငြင်းခုံသောသူတို့ကို ရှောင်ပါ။ ထိုသူတို့သည် သူတို့၏ အတတ်ပညာများကို အသုံးပြုကြ၏။ သို့သော်လည်း ထိုအတတ်ပညာသည် မှန်သောအတတ်ပညာ မဟုတ်ပါ။ ၂၁ အချို့သောသူတို့သည် ထိုအတတ်ပညာကို ရပြီဟုဆိုလျက် မှန်သောယုံကြည်ခြင်း *(သွန်သင်ခြင်း)* ကိုစွန့်လွှတ်ကြပြီ။ သင်တို့၌ ဘုရားသခင်၏ ကျေးဇူးတော် *(ကြင်နာခြင်း)* ရှိပါစေသော။

တိမောသေဩဝါဒစာ ပထမစောင်ပြီး၏။